ဘုမ္မာဝတီစာပေ

# မင်းသိင်္ခ



ဆာ:ပုလင်းနှင်းမောင် နှင့်

# မိုက်ခဲ ကျောက်ပွင့်

တတိယအကြိမ်

# မိုက်ခဲကျောက်ပွင့်

ဆူလမန်တို့လို

လူမျိုးခြားကောင်တွေ လူမိုက်လုပ်တာ မခံဘူး......။

ကျောက်ပွင့် မိုက်တော့မယ် ..............။

လူမိုက်ဆိုတာ မျက်နှာဖြူအုပ်ချုပ်ရေး အာဏာကို

ကိုယ့်နည်း ကိုယ့်ဟန်နဲ့ တစ်စစီဖဲ့ယူခြင်း တစ်မျိုးဘဲ.

ဥပဒေဆိုတာ........

လူအချို့သာ နားလည်အောင်လက်ဝါးကြီးအုပ်ထားရမယ့် အရာ မဟုတ်ဘူး .......။

လူတိုင်းနားလည်ထားရမယ့် အရာဖြစ်တယ် ..............။

တစ်နည်းပြောရရင် ပညာရှိပစ္စည်းမဖြစ်သင့်ဘူး .......။

ပြည်သူပိုင်ပစ္စည်းဖြစ်သင့်တယ် ..............။

လူကြီးမင်းတို့လို လူမျိုးတွေကြောင့် ကျုပ်တို့ ရဲ့ လွတ်လပ်ရေးဟာ အလှမ်းဝေးသွားမှာ ကို ရင်လေးမိတယ်.....။

အရေးကြီးတာနဲ့ စည်းကမ်းလိုက်နာတာဟာ တခြားစီပါ။

"လူမိုက်ကျောက်ပွင့်ဆိုတာ ကျုပ်ပဲ.......။

လူမိုက်လုပ်ချင်လို့ လုပ်ရတာ မဟုတ်ဘူး ....။

ကျုပ်တို့လို မြန်မာအမျိုးသားထဲက လူမိုက်တွေ မရှိရင် ဆူလမန်တို့လို လူမျိုးခြား လူမိုက်တွေပေါ်ပေါက်လာလိမ့်မယ်။

ခင်ဗျားတို့ ပြောနေတဲ့ ဂျာမဏီပြည်က ဟစ်တလာက ကျုပ်တို့ ကို ချက်ချင်း လာပြီး ဒုက္ခ မပေးနိုင်ဘူး..။

ဆူလမန်တို့လို ကောင်တွေကမှ မြန်မာအမျိုးသမီးတွေကို ဖျက်ဆီး မယ်။ အဲဒါအနီးကပ် ရန်သူပဲ။

ဒါကို မစဉ်းစားပဲနဲ့ အဝေးကြီးက ဟစ်တလာအကြောင်း စဉ်းစားနေတဲ့ အလှမ်းကျယ်၊ အလယ်အလတ်သမားတွေပဲ၊ ခင်ဗျားတို့ အခုဒီဆိုင်ထဲက ထွက်သွားကြပါ....။"

*

# ဓာတ်ထုတ်သည့် မောင်ကျော်ကပ္ပင့်

တစ်နေ့သ၌ ရန်ကုန်ဆိပ်ကမ်း ကုန်စိမ်းသမ္ဗာန်များ ဆိုက်ကပ်ထားရာနေရာသို့ သမ္ဗာန်ကလေးအား အခြားသောသမ္ဗာန်များက လှမ်းမျှော်၍ ကြည့်ရှုကြကုန်၏။ အချိန်မှာ နံနက်စောစောဖြစ်၍ ရာသီဥတုမှာလည်း နှင်းများ ၊ မြူများ ဆိုင်းသော ဆောင်းဥတုဖြစ်ပေရာ လာရောက်ဆိုက်ကပ်မည့် သမ္ဗာန်ကလေးအား သဲကွဲစွာမမြင်ရကြပေ။

သို့ရာတွင် ထိုသမ္ဗာန်ကလေးလှော်ခတ်လာသည် ကိုမူ အားလုံးလိုလိုက သိနေကြ၏။ အဘယ့်ကြောင့် ဆိုသော် ထိုသမ္ဗာန်ကလေး၏ဦးပိုင်းတွင် အော်လန်ကြီးပါသော ဓာတ်စက်တစ်လုံး ဖွင့်၍ လာသောကြောင့် ဖြစ်၏။ သာယာနာပျော်ဖွယ်ကောင်းသော သီချင်းတစ်ပုဒ်ကို ကမ်းနားဆိပ်မှ လူများက ကြားနေရပြီ ဖြစ်၏။

ဓာတ်စက်ဖွင့်၍ လာသော သမ္ဗာန်ကလေးသည် မြူများကြားမှ တဖြည်းဖြည်း ထင်ပေါ်၍ လာလေ၏။ သီချင်းသံမှာ လည်း နီးသည်ထက်နီး၍ လာလေ၏။ ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသော ကုန်စိမ်းသမ္ဗာန်များမှ လူများက ထိုဓာတ်စက်ဖွင့်၍ လာသော သမ္ဗာန်အား စောင့်မျှော်ကြိုဆို နေသကဲ့သို့ ရှိလေ၏။

"ဓာတ်ထုတ်သမ္ဗာန် လာပြီဟေ့" ဟူ၍ တစ်ဦးကိုတစ်ဦးအော်ဟစ်၍ သတင်းပေးကြကုန်၏။ ငှက်ပျောခိုင်များ တင်ထားသော သမ္ဗာန်တစ်စီးမှ မိန်းမငယ်တစ်ဦးကမူ သမ္ဗာန်ပေါင်းမိုးအတွင်းမှ အပြင်သို့ထွက်ကာ

ခါးကိုထောက်လျက် ဓာတ်စက်သမ္မာန်ဆီသို့ မကျေနပ်သော မျက်နှာဖြင့် လှမ်း၍ ကြည့်ကာ.....။

"ဟွန်း လူလည်ကြီး လာပြီ၊ ဟိုတစ်ခါ ပြီးလဲမပြီးပဲနဲ့ တို့လို့ တန်းလန်းကြီး လုပ်သွားတယ်၊ ဒီကလူတွေမှာ တော့ ဆန့်တငင်ငင်ဖြစ် ပြီး ကျန်ရစ်ခဲ့တယ်''ဟု လည်း အပြစ်တင် လိုက်လေ၏။

ထိုအချိန်၌ ပင် ဓာတ်စက်သမ္မာန်ကလေးသည်

ရွှေမြို့တော်စံများ ၊ မခြားမေတ္တာပို့သလျက်ပါ ×××

ဆက်ကာ ရက်မကြာ စည်းစိမ်းတိုးလို့၊ ရွှေမိုး ငွေမိုး သွန်းဖြိုးရွာ ×××

ပရိသတ်မျှော်ဆဲအခါ၊ တတ်စွမ်းသည့် ပညာ အလိုကျ ဆိုကမှာ ၊ ယခုညရှုကြပ့်ါ×××ရွှေပွဲလာ

ဟူသော နိုင်ငံကျော်မင်းသားကြီး ဘုရားဒါယိကာ ဦးဘိုးစိန်သီဆို ထားသော ဩဒိဿကဗျာ တေးမေတ္တာ သီချင်းကို ဖွင့်လျက်ဆိုက်ကပ် လာလေ၏။

ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသော ကုန်စိမ်းသမ္မာန်များမှ လူများ မှာ လည်း မင်းသားကြီး ဦးဘိုးစိန်၏ ဩဒိဿကဗျာ တေးမေတ္တာ သီချင်းကို အလွတ်ရနေကြပြီး ဖြစ်သည့် အားလျော်စွာ ထိုသီချင်း၏ အပိုဒ်တစ်ပိုဒ်ကို ဝိုင်း၍ သံပြိုင်သီဆိုကြလေတော့၏။

စိန်ဝဇီရာ၊ စိန်ဝဇီရာ၊ စိန်ဝဇီရာ ××× အားစိုက်လို့သာ များကြိုက်ဖို့ ရာ တင်သောတ တင်သောတ သိင်္ဂီမှာ

ထို့နောက် သမ္မာန်သမားတို့ သည် "ဓာတ်ထုတ်သည် မောင်ကျောက် ပွင့်"ဟု ဝိုင်းဝန်းအော်ဟစ်၍ နှုတ်ဆက်ကြကုန်၏။

မောင်ကျောက်ပွင့်လည်း သမ္မာန်မှ ကြိုးစတစ်စကို ငှက်ပျောလှေ ပေါ်သို့ လှမ်း၍ ပစ်ပေးလိုက်ရာ ငှက်ပျောလှေပေါ်မှ မိန်းမငယ်ကကြိုး ကိုဖမ်းလိုက်ရင်း ..........

"ဟင်း ဟိုတစ်ခေါက်က တို့လို့တန်းလမ်းကြီး လုပ်သွားတယ်၊ ဒီမှာ ဖြင့် ဆန့်တငံ့ငံ့ကြီး" ဟု ပြော ဆိုကာ မောင်ကျောက်ပွင့်၏ သမ္မာန်ကြိုး ကို ငုတ်၌ ဗူးလက်သီးခတ် ချည်နှောင်ပေးရင်း မောင်ကျောက်ပွင့်အား မျက်စောင်းတချက် ထိုး လိုက်လေ၏။

မောင်ကျောက်ပွင့်ကလည်း ခေါင်းတွင် ပေါင်းထားသော တဘက်ကို ထုတ်၍ မျက်နှာကို သုတ်ရင်း...........

"စိတ်မဆိုးပါနဲ့ လုံမလေးရယ်၊ အဲဒီအခေါက်တုန်းက ဓာတ်ပြားက အပြည့်အစုံ မပါဘူး၊ မြို့ကို လာရတာကလဲ ကြက်တူရွေးတံဆိပ် ဓာတ်ပြား ချေးချွတ်ဆေးဝယ်ဖို့ လာခဲ့တာ၊ အခုတော့ လုံမလေး ကြိုက် တာပြော၊ ကျိုက်ထီးရိုးဓာတ်ထုပ် နားထောင်မလား၊ သိပ်ကောင်းတာ၊ သဒ္ဒါရုံအောင်မြရင်လဲ ပါတယ်ဟော့၊ အဆိုရော အငိုရောသိပ်ပြီးပိုင်တာ" ဟု ပြော လိုက်လေ၏။

"ဘာဓာတ်ထုတ်ပဲ ဖြစ်ဖြစ်ပါ၊ အစကနေ အဆုံးပြီးအောင်လုပ်ရင် ကောင်းတောပဲ့တော်၊ ဓာတ်ထုတ်က ဘယ်လောက်ပဲ ကောင်းကောင်း မပြီးဘဲနဲ့ တို့လို့တန်းလန်းကြီး ထားသွားမယ် ဆိုရင်တော့ ဒီကမကြိုက် ဘူး" ဟု ငှက်ပျောလှေမှ မိန်းမငယ်မှ ပြန်၍ ပြော လိုက်လေ၏။ ထို အချိန်၌ အခြားသော လှေမှ သမ္မာန်သမားတစ်ဦးက မောင်ကျောက်ပွင့် အား .....

"ဟော့ မောင်ကျောက်ပွင့်၊ ကျိုက်ထီးရိုးဓာတ်ထုတ်မှာ မင်းသားလုပ် တာ ဘယ်သူလဲကွ'' ဟု လှမ်း၍ မေးလေ၏။

"သဒ္ဒါရုံအောင်မြရင်လေဗျာ" ဟု မောင်ကျောက်ပွင့်က ပြန်၍ ပြောလေ၏။

"အဆိုအပြော တယ်လဲကောင်းပါလား မောင်ကျောက်ပွင့်ရယ်" ဟု ထိုသူကပြောပြန်၏။

"ကောင်းဆိုဗျာ၊ အောင်မြရင်က မင်းသားသရဲလေးအောင်စိန်ရဲ့ သမီးလေဗျာ၊ အသံမှာ တော့ မျိုးနဲ့ရိုးနဲ့ လာတာတွေပေါ့ဗျာ"ဟု မောင်ကျောက်ပွင့်က ပြန်၍ ပြောပြောလေ၏။

ထိုအခါ၌ သဘော်သီးသမ္ဗာန်မှ လူက မောင်ကျောက်ပွင့်အား ...

"မောင်ကျောက်ပွင့်ရေ၊ ဓာတ်ပြားအသစ်တွေ ဘာတွေ ဝယ်စရာရှိရင် စောစောဝယ်ထားကွ၊ စောစောက မင်းပြောတဲ့ ကြက်တူရွေးတံဆိပ်ဓာတ်ပြား ချေးချွတ်ဆေးတို့ ဘာတို့ လဲ အလုံအလောက် ဝယ်ထားကွာ၊ ညကျရင် ငါတို့ နားထောင်မယ်ကွ"ဟု လှမ်း၍ ပြောလေ၏။

"အဲဒါပြောမလို့ပဲဗျို့၊ ဓာတ်ပြားလဲ အလုံအလောက်ပါတယ်၊ ချေးချွတ်ဆေးလဲပဲ အလုံအလောက်ပါတယ်၊ ဓာတ်စက်အပ်လဲပါတယ်၊ ဒါပေမယ့် သံပတ်က မကောင်းတော့ ပြင်တဲ့ ဆိုင်မှာ သွားပြီ ပြင်ရဦးမယ်ဗျ၊ နှစ်ရက်တောင်ကြာမှာ " ဟု မောင်ကျောက်ပွင့်က ပြောလိုက်ရာ သမ္ဗာန်သမားများက...

"လုပ်ပြီ" ဟု ပြိုင်တူ ပြောလိုက်ကြလေတော့၏။

ခရမ်းသီးသမ္ဗာန်မှ လူတစ်ယောက်ကမူ .......

" ဒီည လဆန်းသုံးရက်နေ့ညဗျ၊ မိုးပေါ်မှာ က လကလေးကလဲ ပုဇွန်တုပ်ကွေးကလေးလို ပေါ်နေမှာ ၊ နှင်းကလေးတွေကလဲ ကျနေမှာ ၊ အဲဒီအချိန်မှာ ကိုကျောက်ပွင့်ရဲ့ သမ္ဗာန်က ဓာတ်ထုပ် ကောင်းကောင်း

ကလေးကို ပွဲစားကြီးဦးစံဘရဲ့ ပွဲရုံက ရွှေဖီမိုးလွတ်လက်ဖက်ခြောက် ခတ်ထားတဲ့ ရေနွေးကြမ်းအိုးနဲ့ ဇိမ်ခံမလား မှတ်ပါတယ်ဗျာ၊ ကို ကျောက်ပွင့်လုပ်လိုက်မှ ဖြင့် ဒီလိုချည်းပဲ၊ အရသာပျက်လိုက်တာဗျာ” ဟု ညည်းညူလိုက်ရာ ကျန်သော သမ္ဗာန်သမားများကပါ `ဝေါ`ကနဲ့ ဝိုင်း၍ ရယ်လိုက်ကြလေ၏။

ငှက်ပျောသမ္ဗာန်မှ မိန်းမငယ်ကမူ “သူက ဒီလိုချည်းပဲ၊ အရသာပျက် အောင် အမြဲတမ်းလုပ်တတ်တယ်”ဟု လှမ်း၍ ရန်တွေ့လေ၏။

ထိုအခါကျမှ ပင် မောင်ကျောက်ပွင့်က ...

“အလကား ပြောတာပါဗျာ၊ သံပတ်လဲမပြတ်ပါဘူး၊ ဓာတ်ပြားလဲ အ ပြည့်အစုံပါပါတယ်၊ အပ်ဆိုတာကတော့ သုံးဗူးတောင်ရှိတယ်၊ ချေးချွတ် ဆေးကလဲ နှစ်ပုလင်းတောင်ရှိတယ်ဗျာ၊ ခင်ဗျားတို့ သမ္ဗာန်တွေအားလုံး မိုးအလင်းနားထောင်စေရမယ်”ဟု ပြောလိုက်မှ ပင် ကုန်စိမ်းသမ္ဗာန် သမားများက...

“ဒီလိုလုပ်စမ်းပါ မောင်ကျောက်ပွင့်ရယ်” ဟု ဝိုင်း၍ အော်ဟစ် ကြကုန်၏။

မောင်ကျောက်ပွင့်ကလည်း အနီးရှိငှက်ပျောသမ္ဗာန်မှ မျက်စောင်း တခဲခဲလုပ်နေသော မိန်းမငယ်အား သမ္ဗာန်နှင့် တကွ ဓာတ်စက်ကိုပါ အပ်နှံ၍ လွယ်အိတ်ကလေးကို လွယ်ကာ သမ္ဗာန်ပေါ်မှ ဆင်း၍ ကမ်း ပေါ်သို့ တက်သွားလေတော့သည် ။

(မှတ်ချက်။ ။ ထိုအချိန်က ၎င်းမောင်ကျောက်ပွင့်ကဲ့သို့ မြစ်ရိုးတစ်လျှောက်တွင် ရှိ သော ကျေးရွာများ အား လှည့်လည်၍ ငွေကောက်ခံကာ ဓာတ်စက်သီချင်းများ ၊ ဓာတ်စက် ဇာတ်ထုတ်များ ၊ ဇာတ်လမ်းများကိုဖွင့်၍ အသက်မွေးဝမ်းကျောင်းပြုသော လူအချို့လည်း မြစ်ဝကျွန်းပေါ်ဒေသများ ၌ ရှိခဲ့ဖူးပါသည် ။ ၎င်းမောင်ကျောက်ပွင့်အထက်တွင် ပြောဆိုခဲ့

သော ဓာတ်ပြားဈေးချွတ်ဆေးဆိုသည် မှာ ဓာတ်ပြားများ သည် ဖွင့်ဖန်များ သောအခါ၌ ဓာတ်စက်ဖွင့်သောသူသည် ဓာတ်စက်အပ်ကို ပထမ ဆုံးစစ်ဆေးရပါသည် ။ ဓာတ်စက်အပ်တုံးလျှင် ဤသို့ဖြစ်တတ်ပါသည် ။

ထို့ကြောင့် ဓာတ်စက်အပ်လည်း မတုံးပါပဲလျှက် အသံမကြည်မလင်ဖြစ်သောအခါများ၌ ဓာတ်ပြားဈေးချွတ်ဆေးကို အသုံးပြုရပါသည် ။ ထိုခေတ်ကာလ ဓာတ်ပြားဈေးချွတ်ဆေးရောင်းသော ဆိုင်အမြောက်အမြားရှိသကဲ့သို့ ဈေးချွတ်ဆေးများ လည်း တံဆိပ်အမျိုးမျိုးနှင့် ထွက်ခဲ့ပါသည် ။

ထိုဈေးချွတ်ဆေးများ အနက် ကြက်တူရွေးတံဆိပ် ဈေးချွတ်ဆေးမှာ မူ လူသိအများဆုံးနှင့် လူသုံးအများ ဆုံးဖြစ်ပေရာ ယခုခေတ်ငယ်ရွယ်သူများ အနေနှင့် ဗဟု သုတရရှိစေရန် အတွက် ကျွန်ုပ်အနေနှင့် နှစ်ပေါင်းများ စွာ သိမ်းဆည်းထားခဲ့သော ဓာတ်ပြားဈေးချွတ်ဆေး ကြော်ငြာကလေးတစ်ခုကို စေတနာရှေ့ထား၍ ထည့်သွင်း ဖော်ပြလိုက်ပေသည် ။

စာရေးသူ




ညပိုင်းသို့ရောက်လျှင် မောင်ကျောက်ပွင့်သည် ၎င်း၏ ဓာတ်စက်ကို

သံပတ်ပေးလေတော့၏။ အနီးအနား သမ္ပာန်များမှ လည်း သီချင်း နားထောင်ရန်အတွက် အသင့်ပြင်၍ နေကြလေ၏။ မြူနှင်းများ သည် အုံ့ဆိုင်းနေသဖြင့် သမ္ပာန်များ ပေါ်မှ လူများ သည် စောင်များကိုခြုံ၍ ထားကြလေ၏။

လကလေးမှာ နှင်းမှုန်များကြားမှ မှုန်ဝါးဝါးအလင်းရောင်ပေးလျက် ရှိလေ၏။ ခရမ်းသီး သမ္ပာန်မှ လူက မောင်ကျောက်ပွင့်အား .........

"ဘယ်လိုလဲကိုယ်လူရဲ့ ၊ မြန်မြန်လုပ်စမ်းပါ၊ နားထောင်ချင်လှပြီ" ဟု လှမ်း၍ ပြော လိုက်လေ၏။ မောင်ကျောက်ပွင့်ကလည်း .....

"နားထောင်ရမှာ ပေါ့ဗျာ၊ ဒီမှာ ဓာတ်စက်ကိုသံပတ်ပေးထားတုန်းရှိ သေးတယ်ဗျ" ဟု ပြန်၍ ပြော လိုက်လေ၏။

ထိုအချိန်၌ မြစ်လယ်ဘက်ဆီမှ တယောသံကလေးကို အားလုံးလိုလို ကြားလိုက်ကြရလေ၏။ တယောသမားသည် တယော၏ ဘယ်ကြိုးများ ကို အသုံးပြု၍ ထိုးလိုက်ခြင်းကြောင့် တယောသံသည် ခပ်သြသြကြီး ထွက်၍ နေလေ၏။ သို့ရာတွင် လက်ပေါက်စိပ်ခြင်း၊ ဘိုးဆွဲကောင်း ခြင်း၊ အရှိုက်အဟိုက်ကောင်းခြင်းတို့ ကြောင့် တယောသံနှင့် မတူပဲ ငွေ နဲ့ကြီးကို ဆွဲဆွဲငင်ငင်မှုတ်၍ နေသည် နှင့် သာ တူလေတော့၏။ ထိုအသံ မျိုးသည် လူတို့ ၏ ဘဝင်ကို တစ်နည်းတစ်ဖုံအားဖြင့် လှုပ်ခပ်နိုင်စွမ်းရှိ ပေရာ မောင်ကျောက်ပွင့် ဓာတ်စက်ကို နားထောင်ရန် အသင့်ဖြစ်နေ သော နားအပေါင်းတို့ သည် ရေလယ်ဆီမှ ဆောင်းလေနှင့် အတူလွင့် မျောလာသော ငွေနဲ့ကြီး၏ အသံနှင့် တူသည့် တယောသံဆီသို့ စွင့်၍ နေ ကြလေ၏။

တယောသံသည် နီးသည် ထက် နီး၍ လာလေ၏။ ထိုသို့နီးလာရ ခြင်းမှာ တယောသမားသည် ဘောက်တူကလေးတစ်စီးပေါ်၌ လိုက်ပါ

ရင်း တယောထိုးလာသောကြောင့် ဖြစ်၏။ တယောသမား၏ လက်သံသည် ကောင်းလွန်းသောကြောင့် သမ္ဘာန်များ ပေါ်မှ လူများ သည် တယောသံလာရာ မြစ်လယ်ဆီသို့ လည်တိုင်များ ဆန့်တန်းကာ မျှော်လင့်နေကြလေ၏။

တယောသံသည် တစ်စတစ်စ နီး၍ လာလေ၏။ ထိုသို့ နီး၍ လာသည် နှင့် အမျှ နားထောင်ရသူအဖို့ ပို၍ ပို၍ ပင် နားအရသာ ရှိ လာလေတော့၏။ တစ်ဖန် တယောသံနှင့် အတူ အသံဝါဝါကြီးနှင့် ပိုင်ပိုင်နိုင်နိုင် သီဆိုလာသော သီချင်းသံကိုပါ ကြားရလေတော့၏။

တယောသမားပါလာသော ဘောက်တူကလေးသည် ကုန်စိမ်းသမ္ဘာန်များ ဆိုက်ထားရာ အကြားသို့ ခေါင်းထိုး၍ ဝင် လာလေ၏။ ဘောက်တူကလေး၏ ပဲ့ပိုင်း၌ လူတစ်ယောက်ကလှော်ခတ်၍ ဦးပိုင်း၌ မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးများ ထူထပ်လှသော လူကြီးတစ်ဦးသည် ပုဆစ်တုပ်ထိုင်လျက် ဟွန်းတယောကိုထိုးရင်း လိုက်ပါလာသည် ကို လရောင်အောက်၌ မှုန်ဝါးဝါး တွေ့မြင်ရလေ၏။

"ညအခါ လသာ ပုံတစ်ပုံပြောမယ်၊ နားထောင်မလားကွယ်၊ အများ တောင်ကြားဖွယ်၊ ရှေးရှေးတုန်းက ရိုးအနီး အဘိုးကြီးအမယ်ကြီးရယ်၊ ဘာအဝတ်မဆို ခဝါဖွပ်လို့ စားသောက်ကြတယ် ××× သဖန်းသီးနီနီ ကြီးရယ် ရေလယ်ကြောက မျောလို့လာတယ်"

အထက်ပါသီချင်းကို ဘောက်တူပေါ်မှ တယောသမားလူကြီးက အသံဝါ အသံသြကြီးဖြင့် သီဆိုရင်း လိုက်ပါ လာလေ၏။ ဘောက်တူ ဆိုက်သောအခါ၌ ထိုလူကြီးသည် လွန်စွာကြီးမားသော လွယ်အိတ်ကြီး ကို လွယ်လျက် ၎င်း၏ ဟွန်းတယောကြီးကို ကိုင်ကာ ဘောက်တူပေါ်မှ ဆင်း၍ ကမ်းပေါ်သို့ တက်သွားလေတော့၏။

ထို့နောက် ရေနံဆီမီးခွက်ကြီးကို ထမင်းအိုး၊ ဟင်းအိုးနှင့် အတူ ရွက်၍ လာသော ထမင်းသည် မိန်းမတစ်ဦးက သမ္ဘာန်များ ဘက်သို့ လှည့်ကာ ....

"ထမင်းနဲ့ ဟင်းစုံပါတယ်။ ကြက်သား၊ ဝက်သား၊ဆိတ်ကလီစာ၊ ငါးပိချက်၊ ငါးသလောက်ပေါင်း၊ ချဉ်ပေါင်းကြော်"ဟု အော်ဟစ်လေ၏။

ထိုအခါ၌ တယောသမားလူကြီးက ........

"ထမင်းနဲ့ ချဉ်ပေါင်ကြော်လေး တစ်ပြားဖိုးလောက် ပေးပါဗျာ"ဟု အိတ်အတွင်း မှ ပိုက်ဆံတစ်ပြားကို ကြိုးစားပမ်းစား ရှာဖွေလျက် ထမင်းသည် မိန်းမငယ်အား ပေးရင်း ပြော လိုက်လေ၏။

"တစ်ပြားဖိုးဆိုရင် ပန်းကန်နဲ့ မကျွေးနိုင်ဘူး"ဟု ဈေးသည် က ပြော လိုက်လေ၏။ "ဖက်နဲ့ ပဲပေးပါ"ဟု တယောသမားကြီးက ပြောလျှင် ထမင်းသည် မိန်းမသည် ၎င်း၏ ထမင်းဗန်းကြီးကို ချလျက် ငှက်ပျော ရွက်ပေါ်၌ ထမင်းကိုပုံကာ ထိုထမင်းပုံပေါ်တွင် ချဉ်ပေါင်ကြော် အနည်းငယ်ကို ထပ်၍ ပုံပေး လိုက်လေ၏။

`ထို့နောက် ထမင်းဗန်းကိုရွက်၍ ထွက်သွားလေတော့၏။ တယောသမားကြီးမှာ မူ ဆောင့်ကြောင့် ထိုင်လျက် ထမင်းကိုမြိန်ရှက် စွာစားရင်း ကျန်ရစ်ခဲ့လေတော့၏။

ထို့နောက်တွင် ကား တယောသမားကြီးသည် ကမ်းနားစပ်သို့ဆင်း ကာ လက်ကိုဆေးလျက် ၎င်း၏ လုံချည်နှင့် ပင် လက်သုတ်လိုက်ပြီး နောက် ထိုနေရာမှ ထွက်သွားလေတော့၏။ တယောသမားကြီး ထွက် သွားပြီး များ မကြာမီ၌ ပင် `ကြိုက်ချင်ချင်`ဓာတ်ပြားသီချင်းသည် သာယာငြိမ့်ညောင်းစွာ ထွက်ပေါ်၍ လာလေတော့၏။

“လှတာကို အနိုပ်ကြီးထင် ×××

ကျွန်မက စိတ်ကြီးဝင် ×××

လင်ယူပါတော့မယ်ရှင် ×××

ဟန်မာရီ စံပယ်အုံးရယ်က အဆုံးတိုင်မျှော်ပါသရှင် ×××

မေတ္တာမျှခဲ့ပါရင်၊ မလှ လှလှ ကျွန်မကကြိုက်ချင်ချင် ×××

သီချင်းဆုံးသွားသောအခါ၌ သမ္မာန်ပေါ်မှ နားထောင်နေကြသော လူများက ..

“သိပ်ကောင်းတယ်၊ သိပ်ကောင်းတယ်၊ ဟန်မာရီစံပယ်အုန်း သိပ်ကောင်းတယ်”ဟု လက်ခုပ်တီး၍ ဩဘာ ပေးလိုက်ကြကုန်၏။

(မှတ်ချက် ။ ။ ဟန်မာရီစံပယ်အုန်းဆိုသည် မှာ ထိုခေတ် ထိုကာလက နာမည်လွှန်စွာကြီးသော တေးသံရှင်တစ်ဦး ဖြစ်ပေသည် ။ ထိုခေတ်ကို သိမီခြင်း မရှိလိုက်ရသော လူငယ်များ အတွက် ‘ဟန်ကုမ္ပဏီ’မှ ကြော်ငြာခဲ့သော ဟန်မာရီစံပယ်အုန်း၏ ကြော်ငြာဓာတ်ပုံကို ရှာဖွေ၍ တင်ပြလိုက်ပါသည် ။

စာရေးသူ



ထိုအချိန်၌ ဆူလမန်ဆိုသော မုတ်ဆိတ်မွေးနှင့် လူတစ်ယောက်အား မြန်မာသုံးယောက်က ခြံရံလျက် မောင်ကျောက်ပွင့်တို့ ၏ သမ္ဗာန်ဆိုက်ထားရာ နေရာသို့ ရောက်ရှိ လာလေတော့၏။ ဆူလမန်က ၎င်း၏ တပည့် မြန်မာတစ်ယောက်အား ..........

"ဟေ့ ညိုကြီး၊ ဒီသမ္ဗာန်တွေမှာ ပိုက်ဆံကောက်ပြီးပြီလား"ဟု မေးလေ၏။ ညိုကြီးက ...

"မကောက်ရသေးပါဘူး ဆရာကြီး"ဟု ပြန်၍ ပြောလေ၏။

"မင်းတို့ က တယ်လဲပေ့ါလျော့တာကိုးကွ"ဟု ဆူလမန်က ပြန်၍ ပြောလေ၏။

"ဒီသမ္ဗာန်တွေက နေဝင်မှ ဆိုက်လာကြတာဆရာရဲ့ "ဟု ညိုကြီးက ဆင်ခြေပေးလေ၏။

"မင်းတို့ ကိုပြောလိုက်ရင် ဒီလိုချည်းပဲ၊ ဆင်ခြေဆင်လက်တွေနဲ့ "ဟု ဆူလမန်က ကြိမ်းမောင်း လိုက်လေ၏။

ဆူလမန်ဆိုသူသည် ထိုနေရာတစ်ဝိုက်၌ မိုက်ကြေးခွဲ၍ စားနေသော လူမိုက်တစ်ဦးဖြစ်ပေသည် ။ ၎င်းသည် ဂါတ်ကိုလည်း ငွေပေး၍ ပေါင်းထားသဖြင့် မိုက်ချင်တိုင်း မိုက်နိုင်ခွင့်လိုင်စင်ကို ရထားဘိသကဲ့သို့ ရှိလေ၏။

၎င်း၏ တပည့်များ သည် သမ္ဗာန်များ ဆိုက်လာသည့် အခါ၌ မည်သည့် အခကြေးငွေဟု ခေါင်းစဉ်မတပ်ပဲ ငွေများကို လိုက်လံကောက်ခံလေ၏။ မပေးသော သမ္ဗာန်များ အား ရိုက်မောင်း ပုတ်မောင်း လုပ်၍ ကမ်း၌ ဆိုက်ကပ်ခွင့် မပြုဘဲ မောင်းထုတ်တတ်လေ၏။

တစ်ခါတစ်ရံတွင် ဆူလမန်သည် ညဦးပိုင်း၌ အရက်ကလေးကို

ရေချိန်ကိုက်ရုံမျှ သောက်ပြီးလျှင် သမ္ဘာန်ဆိပ်သို့ဆင်း၍ လာကာ ပျော်ပါးရန်တွက် မိန်းမပျက်များကို ကိုယ်တိုင်ကိုယ်ကြပ် ရှာဖွေတတ်လေ၏။ မိန်းမပျက်များမှာ လည်း မည်သို့ဖြစ်သည် မသိ၊ တစ်ခါတစ်ရံ၌ ကုန်းပေါ်တွင် ကျက်မစားပဲ ရေလယ်ကောင်၌ သမ္ဘာန်နှင့် ကျက်စား တတ်သည် လည်း ရှိ၏။

ယခုလည်း ဆူလမန်သည် ပျော်ပါးရန်အတွက် ပျော်ဘက်ရှာရန် သမ္ဘာန်ဆိပ်သို့ ၎င်း၏ တပည့်ကျော် ညိုကြီး၊ သန်းရွှေ၊ စန်းအောင်ဆိုသည့် လူသုံးယောက်နှင့် အတူ တိုင်းခန်းလှည့်လည်လာခြင်း ဖြစ်ပေသည် ။ ဆူလမန်သည် ၎င်းတပည့် ညိုကြီးအား သမ္ဘာန်များ ဆီသို့ မိုက်ကြေးကောက်ခံရန် စေလွှတ်ပြီးနောက် ၎င်းကိုယ်တိုင်ကမူ ငှက်ပျောသီး သမ္ဘာန်အား မျက်စိကျ၍ နေလေ၏။

ငှက်ပျောသီး သမ္ဘာန်၏ နောက်မြီးတွင် မိန်းမငယ်တစ်ဦးသည် ဆံပင်နောက်တွဲကလေးထုံးလျက် ထိုင်နေသည် ကို ကောင်းစွာမြင်ရလေ၏။ ထိုမိန်းကလေးမှာ မောင်ကျောက်ပွင့်အား ရန်တွေ့ ခဲ့သော မိန်းကလေးဖြစ်ပေသည် ။

ဆူလမန်သည် ထိုမိန်းကလေးရှိရာ သမ္ဘာန်ဆီသို့ဆင်း၍ လာလေ၏။ မိန်းကလေး၏ ဖခင်သည် ရေနွေးကြမ်းအိုး တည်နေရာမှ မုတ်ဆိတ်ဖားဖားဖြင့် ဆိတ်သတ္တဝါကဲ့သို့ အကြည့်ဆိုးလှသော သူတစ်ဦး ၎င်း၏ သမ္ဘာန်ဆီသို့ ဆင်းလာခြင်းအတွက် ကျက်သရေမင်္ဂလာမရှိဟု ယူဆကာ

“ယံ ဒုန္နိမိတ္တံ အဝ မင်္ဂလဉ္စ”အစရှိသော ပရိတ်ဆော်ကို ရွတ်ဆိုလေ၏။

ဆူလမန်သည် လှေပေါ်သို့ တက်ကာနီး၌ ...

"အဘိုးကြီး ဘာတွေရွတ်နေတာလဲ" ဟု လှမ်း၍ မေးလေ၏။ အဘိုးကြီးက တစ်စုံတစ်ရာ ပြောဆိုခြင်းမပြုဘဲ"

"ဘာကိစ္စလဲ"ဟု မေးလေ၏။

"တော်တော်ရိုင်းတဲ့ အဘိုးကြီးပဲ၊ ကျုပ်လိုပုဂ္ဂိုလ်တစ်ဦး ခင်ဗျားလှေပေါ်ကို လာပြီး လည်တာဟာ ခင်ဗျားအတွက် ဘယ်လောက်ဂုဏ်ရှိသွားတယ်ဆိုတာ မသိရှာဘဲကိုး" ဟု ဆူလမန်က ပြောလေ၏။

"ကျုပ် ဘာဂုဏ်မှ မလိုချင်ဘူး၊ ငှက်ပျောသီးရောင်းဖို့ လာတာ၊ ငှက်ပျောသီးရောင်းပြီးရင် ကျုပ်အလုပ်ပြီးတာပဲ" ဟု အဘိုးကြီးက ခပ်ပြတ်ပြတ် ပြန်၍ ပြောလေ၏။ ထိုအခါ၌ ဆူလမန်၏ တပည့် မြန်မာနှစ်ဦးက အဘိုးကြီးအား ...

"တယ်ခက်တဲ့ အဘိုးကြီးပဲ၊ ဆရာဆူလမန်အကြောင်း ခင်ဗျားမကြားဖူးဘူးထင်တယ်။ လမ်းမတော်ဘက်မှာ ဖိုးတုတ်၊ အနောက်ပိုင်းမှာ ဘိုးဆင်၊ ဗိုလ်တထောင်မှာ ငမိုးတို့ ဘုန်းကြီးသလို ဟောဒီကမ်းနားပိုင်း သမ္ဗာန်တွေမှာ ဆရာဆူလမန်တဲ့ ၊ စကားကိုကြည့်ပြော အဘိုးကြီး၊ အသက်ကြီးမှ အသားနာနေဦးမယ်" ဟု ပြောလေ၏။ ထိုအခါ၌ ဆရာဆူလမန်က ...

"မင်းတို့ ကလဲကွာ ...၊ ဒီလိုမပြောပါနဲ့ ၊ ဟိုသမ္ဗန်နောက်မှာ ထိုင်နေတဲ့ ညီမလေးနဲ့ မိတ်ဆွေ ဖြစ်ချင်လို့ လာခဲ့တာပါ။ ငါ့ကိုသိပ်ပြီး ကြောက်သွားပါဦးမယ်" ဟု ပြောလေ၏။

သမ္ဗာန်သမားများ သည် လူမိုက်ဆူလမန်နှင့် ၎င်း၏ တပည့်များက မိမိတို့ နှင့် ဈေးရောင်းဖော်ဈေးရောင်းဖက်ဖြစ်သော ငှက်ပျောသမ္ဗာန်မှ မိန်းကလေးသားအဖအား ဆူလမန်တို့ လူစုက ဗိုလ်ကျ အနိုင်ကျင့်ရန် အစပျိုးနေကြသည် ကို တွေ့မြင်ရပါလျက် မိမိတို့ နှင့် မဆိုင်သကဲ့သို့

လက်ပိုက်၍ ကြည့်နေကြ၏။

ငှက်ပျောလှေ၏ နောက်မြီးပေါ်မှ မိန်းကလေးသည် ရှက်ခြင်း၊ ဒေါသထွက်ခြင်းတို့ ကြောင့် အသားများ တဆတ်ဆတ်တုန်၍ နေ၏။

ထို့ကြောင့် ဆူလမန်အား ထိုမိန်းကလေးက ...

"ခွေးစကားလာမပြောနဲ့ ခွေမျိုး ...၊ ယီးတီးယားတားမလုပ်နဲ့ ဓားနဲ့ ရင်ဝကို ထိုးချလိုက်မယ်။ ဘာမှတ်သလဲ၊ ငှက်ပျောကျွန်း ခတ္တိယသူ အစစ်" ဟု ဆိုကာ ငှက်ပျောခိုင် လှီးသောဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ထား လိုက်လေ၏။

၎င်းတို့ နှင့် လှေချင်းကပ်လျက်ရှိသော မောင်ကျောက်ပွင့်မှာ မူ ဓာတ်စက်ကို ဖွင့်မြဲဖွင့်လျက်ရှိနေလေ၏။ ၎င်းဓာတ်စက်မှ လည်း အိန္ဒိယမစိန်မှုန် သီဆိုထားသော 'ရီမှ ဓာင်ဝေ' သီချင်းထွက်၍ နေလေ၏ /

"ငယ်ချစ်မောင်ရေ ××× ပေါ်ပင်ကိုခိုင်းတာရအောင်လို့ ××× မြော်မြင်သလို တိုင်းထွာကြပါတော့ ××× နှိုင်းကာဆယင်ဖြင့် သိမ် စရာရှိတာတွေ ××× အိန္ဒိယအဆွေကိုတော့ မေတ္တာထား ×××"

အထက်ပါအတိုင်း မစိန်မှုန်သီချင်းသံသည် ထွက်ပေါ်၍ နေလေ သည် ။ အရေးထဲတွင် အရာပေါ်ဆိုသည့် စကားအတိုင်း မောင်ကျောက် ပွင့်၏ ဓာတ်စက်သည် အပ်ကြောင်းထပ်ကာ ...

"အိန္ဒိယအဆွေကိုတော့ မေတ္တာထား

ချစ်မှာ လား ×××

အိန္ဒိအဆွေကိုတော့ မေတ္တာထား

ချစ်မှာ လား ××× ” ဟူ၍ အဆက်မပြတ် မြည်၍ နေလေ၏။

ထို့ကြောင့် ဆူလမန်က မောင်ကျောက်ပွင့်၏ သမ္ဗာန်ဘက်သို့ လှည့်ကာ …

“ဟော့ … ဒီသမ္ဗာန် ဘာသမ္ဗာန်လဲ” ဟု မေးလေ၏။

“သစ်သားသမ္ဗာန်” ဟု မောင်ကျောက်ပွင့်က ဆေးလိပ်ဖွာယင်း ပြန်၍ ပြောလေ၏။

“နောက်တာလား”ဟု ဆူလမန်က မေးလေ၏။

“ရေတက်စမို့ ရေကတော့နည်းနည်းနောက်တယ်။ တော်တော်ကြာယင် ကြည်သွားမှာ ပါ” ဟု ပြန်၍ ပြောလေ၏။

“ဘယ်လိုကောင်လဲ” ဟု ဆူလမန်က ပြန်၍ အော် လိုက်လေ၏။

“မုတ်ဆိတ်နဲ့ အကောင်ဆိုတော့ ဆိတ်ပဲဖြစ်မှာ ပေါ့ကွာ” ဟု မောင်ကျောက်ပွင့်က ပြန်၍ ပြော လိုက်လေ၏ ၊ မောင်ကျောက်ပွင့်၏ စကားကို ကြားရသော အနီးအပါးရှိ သမ္ဗာန်များမှ သမ္ဗာန်သမားများ သည် ‘ဝါးကနဲ’ ရယ်မောကြလေ၏။

မောင်ကျောက်ပွင့်၏ ဓာတ်စက်မှ လည်း အပ်ကြောင်းထပ်နေသော သီချင်းစာသားများ သည် ထွက်ပေါ်၍ နေဆဲ ဖြစ်၏။

“အိန္ဒိယအဆွေကိုတော့ မေတ္တာထား

ချစ်မှာ လား ×××

အိန္ဒိယအဆွေကိုတော့ မေတ္တာထား

ချစ်မှာ လား ×××

ဆူလမန်သည် ရှက်လည်း ရှက်၍ ဒေါသလည်း အလွန်ထွက်သွား

လေ၏။ ထို့ကြောင့် ...

"ဟော့ ... တောသား၊ ငါ့အကြောင်း မင်းမသိဘူးထင်တယ်" ဟု မေးလေ၏။

"ငါ့နာမည် ကျောက်ပွင့်ကွ ...၊ တောသား မဟုတ်ဘူး " ဟု မောင်ကျောက်ပွင့်က ပြန်၍ ပြော လိုက်လေ၏။

"ကြောက်ပွင့်မို့ပဲကွာ၊ ရဲပွင့်များ ဆိုယင် ဘယ်လောက်များ မိုက်ရိုင်းမလဲမသိဘူး" ဟု ဆူလမန်က ပြောလေ၏။

"အေး ... ဟုတ်တယ်၊ မသေမချင်းမှတ်ထား၊ ကောင်းကောင်း မွန်မွန် ရောင်းဝယ်ဖောက်ကား စားနေတဲ့ မြန်မာမိန်းကလေးတွေကို ကျောက်ပွင့်ရှေ့မှာ စော်ကားမယ်မကြံနဲ့ ကျောက်ပွင့်ဆိုတာ ရရစ်နဲ့ ကြောက်တာ မဟုတ်ဘူး ကွ၊ ကျောက်ခဲလိုမာလို့ ယပင့်နဲ့ ကျောက်တဲ့ ကျောက်ပွင့်၊ တစ်ပွင့်တည်းရှိတယ် မှတ်ဆိတ်ရေ"ဟု ဆိုကာ မောင်ကျောက်ပွင့်သည် ထိုင်၍ ဆေးလိပ်သောက်နေရာမှ ဓာတ်စက်ကိုမ, ဓာတ်စက်မှာ လည်း ..

"အိန္ဒိယအဆွေကိုတော့ မေတ္တာထား

ချစ်မှာ လား ××× "ဟု မြည်လျက်ပင် မောင်ကျောက်ပွင့်၏ လက်ထဲ၌ ပါ၍ လာလေ၏။

ထိုနောက် ကျောက်ပွင့်သည် ဓာတ်စက်ကိုကိုင်လျက် တစ်ဘက်ရှိ ငှက်ပျောသမ္ဘာန်၏ နံသို့ခြေတဘက်ဖြင့် နင်းကာ "အိန္ဒိယအဆွေကိုတော့ မေတ္တာထား ချစ်မှာ လား×××ဒါကြီးနဲ့ ချစ်ပြီဟော့" ဟု ဆိုကာ ဆူလမန်၏ ခေါင်းကို 'ဂွမ်း'နဲ့ ရိုက်ချ လိုက်လေ၏။ ဆူလမန်လည်း မထင်မှတ်သည့် အချိန်၌ အရိုက်ခံလိုက်ရသောကြောင့် လဲကျသွားလေ

တော့၏။

ကျောက်ပွင့်သည် 'တက်' ကိုယူ၍ ဆူလမန်၏ မျက်နှာသို့ ဇရပ်ဆုံ ထောင်းသကဲ့သို့ တက်ဖြင့် ထောင်းချလိုက်ရာ ဆူလမန်သည် 'အလာ'ဟု အော်ကာငြိမ်၍ ကျသွားလေတော့၏။

ထိုနောက်တွင် ကား ဆူလမန်၏ တပည့်များ အား မောင်ကျောက်ပွင့်သည် တက်ဖြင့်ခုတ်၏။ ထောင်း၏။ ကော်၏။ ပင့်၍ ရိုက်၏။

ထို့ကြောင့် ဆူလမန်တပည့်များ လည်း 'အင်း'၊ 'အဲ'၊ 'အမယ်လေး၊ ဘာလေး'ဟု အော်ဟစ်ကာ လဲသူလဲ၍ ပြေးသူ ပြေးကြလေတော့၏။

ထိုအခါ မောင်ကျောက်ပွင့်သည် ကမ်းပေါ်သို့တက်၍ ၎င်း၏ လှော်တက်ကြီးကို ကိုင်မြှောက်ကာ အသံနက်ကြီးဖြင့် အောက်ပါ အတိုင်း ကြွေးကြော်လေတော့၏။

"ကမ်းနားဆိပ်မှာ လူမိုက်ရှိသေးလား၊ ကျောက်ပွင့်နဲ့ တွေ့မယ်၊ တက်စာကျွေးပစ်မယ်"

"လူမိုက် မရှိတော့ဘူး၊ ဇာတ်ထုပ်သည် မောင်ကျောက်ပွင့် လူမိုက် လုပ်ပါ"ဟု ဝိုင်းဝန်းဟစ် အော်၍ ထောက်ခံကြလေတော့၏။

"အေး...ဟုတ်တယ်၊ ဆူလမန်တို့လိုကောင်တွေ လူမိုက်လုပ်တာမခံ ဘူး၊ ကျောက်ပွင့်မိုက်တော့မယ်" ဟု မောင်ကျောက်ပွင့်က ရင်ခေါင်း သံကြီးဖြင့် အော်ဟစ် လိုက်လေတော့၏။

နောက်တစ်နေ့နံနက် မိုးလင်းသောအခါ၌ မူ ကုန်စိမ်းသမ္ဘာန်များ သည် ရေတက်လာသည် နှင့် အမျှ အလျှိုလျှို ထွက်ခွာသွားကြလေ တော့၏။ မောင်ကျောက်ပွင့်၏ ဓာတ်စက်ကလေးမှာ မူ ဆူလမန်၏ ဦးခေါင်းကို ရိုက်ချလိုက်သဖြင့် ကြွေမွပျက်စီးကာ ရွှံ့နွံများ အပေါ်၌

တင်၍ နေလေ၏။ ရေတက်လာသောအခါ၌ ထိုကွဲပျက်ကြေမွနေသော ခတ်စက်အစိတ်အပိုင်းများမှာ အချို့သည် ရေ၌ နစ်မြုပ်သွား၍ အချို့မှာ မူ ရေ၌ နစ်မြုပ်သွား၍ အချို့မှာ မူ ရေ၌ ပေါလောမျော၍ ရေစီးနှင့် အတူ ပါသွားကြရလေတော့၏။

ထိုအချိန်မှ စ၍ ကုန်စိမ်းတန်းသမ္ဗာန်ထိပ်၌ ခတ်စက်ဖွင့်သော သမ္ဗာန်ကလေးတစီးသည် တိမ်မြုပ်၍ သွားလေတော့သတည်း။

*

ထို့နောက် အချိန်ကာလအားဖြင့် များ စွာမကြာမြင့်မီ၌ ကုန်စိမ်းသမ္ဗာန်များ ဆိုက်ကပ်ရာ ဆိပ်ကမ်းအနီးရှိ ကာကာလက်ဖက်ရည်ဆိုင် အတွင်း ၌ လူငယ်တစ်ဦးသည် ထိုင်၍ လက်ဖက်ရည် သောက်နေလေ၏။ လက်ဖက်ရည်ဆိုင်ရှင် ကာကာက ခတ်စက်ကိုဖွင့်လေ၏။ ထိုအခါ၌ လူငယ်က…။

"ဟေ့ …ကာကာ၊ မင်းခတ်စက်ကို ပိတ်ထားလိုက်" ဟု ဆိုသဖြင့် ကာကာသည် ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ခတ်စက်ကို ပိတ်လိုက်ရလေ၏။ လက်ဖက်ဆိုင်တွင် ထိုင်၍ ဂျာမဏီပြည်မှ ဟစ်တလာ အကြောင်း ပြောနေသော လူနှစ်ဦးက ထိုလူငယ်အား လှမ်း၍ ကြည့်လေ၏။

ထိုလူငယ်လေးက …..

"ဘယ်လိုလဲကိုယ့်လူတို့ ……..မကျေနပ်ဘူးလား" ဟု လှမ်း၍ မေးလိုက်လေ၏။ ထိုလူနှစ်ဦးက တစ်စုံတစ်ရာမပြောပဲ ခေါင်းကိုပြန်၍ ငုံ့ထားကြကုန်၏။ လူငယ်က ထိုလူနှစ်ဦးအား ……..

"လူမိုက်ကျောက်ပွင့်ဆိုတာ ကျုပ်ပဲ …..၊ လူမိုက်လုပ်ချင်လို့ လုပ်ရ

တာ မဟုတ်ဘူး ၊ ကျုပ်တို့လို မြန်မာအမျိုးသားထဲက လူမိုက်တွေမရှိယင် ဆူလမန်တို့လို လူမျိုးခြားလူမိုက်တွေ ပေါ်လာလိမ့်မယ်။ ခင်ဗျားတို့ပြောနေတဲ့ ဂျာမဏီပြည်က ဟစ်တလာက ကျုပ်တို့ ကို ချက်ချင်း လာပြီး ဒုက္ခမပေးနိုင်ဘူး။ ဆူလမန်တို့လိုကောင်တွေကမှ မြန်မာအမျိုးသမီးတွေကို ဖျက်ဆီးမယ်။ အဲဒါ အနီးကပ်ရန်သူပဲ၊ ဒါကိုမစဉ်းစားပဲနဲ့ အဝေးကြီးက ဟစ်တလာအကြောင်း စဉ်းစားနေတဲ့ အလှမ်းကျယ်၊ အလယ်လပ်သမားတွေပဲ၊ ခင်ဗျားတို့ အခု ဒီဆိုင်ထဲက ထွက်သွားကြပါ” ဟုပြောလိုက်ရာ ပင်နီဝတ်ထားသော ဟစ်တလာအကြောင်း စိတ်ဝင်စားသူနှစ်ဦးလည်း သတင်းစာကလေးများကို လိပ်၍ ကိုင်ကာ ဆိုင်တွင်းမှ ကသောကမျော ထွက်သွားကြလေတော့၏။ အတော်အတန်ဝေးသော နေရာသို့ ရောက်လျှင် တစ်ဦးသောသူက ......

“အရင်းရှင်စနစ်ရဲ့ အမွေဆိုးတွေပေါ့ဗျာ”ဟု ပြောရာ ကျန်တစ်ဦးက .........

“ဒီလိုပြောလို့လဲ အဖြစ်သေးဘူးဗျ၊ လူမိုက်ဆိုတာဟာ မျက်နှာဖြူအုပ်ချုပ်ရေးအာဏာကို ကိုယ့်နည်းကိုယ်ဟန်နဲ့ တစ်စစီဖဲ့ယူခြင်း တစ်မျိုးပဲဗျ၊ ကျုပ်ကတော့ ထောက်ခံချင်သလိုလိုတောင် ရှိတယ်” ဟု ပြောလိုက်လေ၏။

ထိုအချိန်၌ လွန်စွာခန့်ညားသော ဥပဓိရုပ်ရှိသည့် အသက်လေးဆယ်ကျော်အရွယ် လူကြီးတစ်ဦးသည် ကာကာဆိုင်အတွင်းသို့ ဝင် လာပြီးလျှင် မောင်ကျောက်ပွင့်ထိုင်လျက်ရှိသော စားပွဲ၌ ဝင်၍ ထိုင်ကာ မောင်ကျောက်ပွင့်အား တစ်စုံတစ်ခုကိုပေး၍ ..........

“မောင်ကျောက်ပွင့်ရဲ့ သတ္တိကို အားကိုးလို့လာခဲ့တာပဲ၊ အခုကျုပ်ပေးတဲ့ ပစ္စည်းလေးဟာ ဆေးလိပ်ဖိုးလောက်ပဲရှိပါသေးတယ်၊ ကျုပ်

ခိုင်းတာသာ အောင်မြင်ရင် ဒီထက်မကရပါစေ့မယ်။ ကျုပ်ကိုလဲ မှတ်ထားပါ။ အများကတော့ ဆရာကြီးလို့ခေါ်ကြပါတယ်။ ကျုပ်ဟာ ဒီကောင်ကို ရှင်းချင်တယ်”ဟု ဆိုကာ ဓာတ်ပုံတစ်ပုံကိုထုတ်၍ မောင်ကျောက်ပွင့်အား ပြလေ၏။ မောင်ကျောက်ပွင့်လည်း ထိုလူကြီးပြသော ဓာတ်ပုံကို ကြည့်ပြီးလျှင် ထိုဓာတ်ပုံအား လူကြီးလက်သို့ ပြန်၍ ပေးရင်း

“လူသတ်တာ တကယ်လွယ်ပါတယ်။ ဒါပေမယ့် ခင်ဗျားခိုင်းတာ ကျုပ်မလုပ်နိုင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျား ပြတဲ့ ဓာတ်ပုံဟာ မြန်မာတစ်ယောက်ရဲ့ ဓာတ်ပုံဖြစ်နေလို့ပဲ” ဟု ပြန်၍ ပြောလေ၏။ လူကြီးလည်း မောင်ကျောက်ပွင့်အား တစ်စုံတစ်ခုကိုပေးလေ၏။ ထိုအရာမှာ ကတ္တီပါ အိတ်အနီကလေးဖြစ်ပေသည် ။

“ဒီမှာ မောင်ကျောက်ပွင့် ….၊ မောင်ရင်ဟာက တန်ဖိုးမရှိပဲ မိုက်နေတာကိုး။ ကျုပ်က တန်ဖိုးရှိအောင် မောင်ရင့်ရဲ့ မိုက်ဂုဏ်ကို ရွှေစစ်နဲ့ လာပြီး သိဒ္ဓိတင်ပေးတာပဲ” ဟု ပြောဆိုကာ မောင်ကျောက်ပွင့်၏ လက်အတွင်း းသို့ ကတ္တီပါအိတ်အနီကလေးကို ထည့်၍ ပေးလေ၏။ ထိုအခါ၌ မောင်ကျောက်ပွင့်သည် ……

“ခင်ဗျားထွက်သွားပါ ….၊ ခင်ဗျားရွှေအိတ်ကိုလဲ အပြင်မှာ ကောက်သွားပါ” ဟု ဆိုကာ ကတ္တီပါအိတ်ကလေးအား ဆိုင်အပြင်သို့ ‘ဗွီး’ ကနဲ့ ပစ်ထုတ် လိုက်လေတော့၏။

ထိုအခါ၌ လူကြီးလည်း မချိပြုံးပြုံးကာ နေရာမှ ထ၍ ဆိုင်အတွင်း းမှ ထွက်ခဲ့လေတော့၏။

ထို့နောက် မောင်ကျောက်ပွင့် လွှင့်ပစ်လိုက်သော ကတ္တီပါအိတ်ကလေးအား ကောက်ယူကာ မလှမ်းမကမ်းတွင် ရပ်ထားသော အော်စတင်ကား အနက်ကလေးပေါ်သို့ တက်၍ သွားလေတော့၏။

ထိုအချိန်၌ ငွေနဲ့ကြီးမှုတ်လိုက်သည့် အသံနှင့် တူသော တယောသံသည် ဆိုင်ရှေ့တံစက်မြိတ်အောက်မှ ထွက်ပေါ်၍ လာလေတော့၏။ ထိုတယောသံနှင့် အတူ အင်္ကျီအဝတ်အစားစုတ်စုတ်ပြတ်ပြတ်ကြီးဝတ်၍ လွယ်အိတ်စုတ်ကြီးကို လွယ်ထားသော လူကြီး၏ အသံသြသြကြီးဖြင့် သီဆိုလိုက်သော အောက်ပါသီချင်းသံကို ကြားလိုက်ရလေတော့သတည်း။

"သံဃာသရဏ အမည်တွင် တဲ့ တကောင်းပြည်ကြီးမှာ ××× မင်းဆက်ပေါင်းက သုံးကျိပ် သုံးယောက် ရှိခဲ့ဖူးပါတယ် ××× အဲဒါတွေ မြန်မာဖြစ်သည် ။ သုနာပရန္တတိုင်း ရွှေလယ်ကိုင်းအရပ် က ပြူ၊ကမ်း၊ ယံ၊ သက်တို့ အညီ ××× မုဒုစိတ္တာဘုရင် ဇမ္ဗူအောင်ချာ တေဇာကွန့်ညီ ××× အဲဒါတွေမြန်မာဖြစ်သည် ။ မြန်မာဆိုတာ အလွန်မာသည် ××× သတ္တိအလွန်ပြောင်ခဲ့သည် ××× မမုန်တာမလုပ်၊ မဟုတ်မခံ အဲဒီစိတ်ဟာမြန်မာစိတ်ဖြစ်သည် ×××"

*